The Elders

**ဘန်ကီမွန်းက မြန်မာနိုင်ငံကို ဦးတည်ချက် အပြောင်းအလဲလုပ်ဖို့ တောင်းဆိုလိုက်**

**ဘန်ကောက်၊ 2023 ခုနှစ် ဧပြီလ 25 ရက်**

**မီဒီယာထုတ်ပြန်ချက် - ဘန်ကီမွန်းက မြန်မာနိုင်ငံမှာ စစ်ဘက်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီး အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ဖို့နှင့် အာဆီယံရဲ့သဘောတူညီချက်ငါးရပ်ကို အကောင်အထည်ဖော်ဖို့ တောင်းဆိုခဲ့ပါတယ်**

The Elders အုပ်စုရဲ့ဒုတိယဉက္ကဋ္ဌလည်းဖြစ်၊ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်းလည်းဖြစ်တဲ့ မစ္စတာ ဘန်ကီမွန်းဟာ ၂၀၂၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ရည်ရွယ်ချက်ကတော့ အကြမ်းဖက်မှု အဆုံးသတ်ရေး လမ်းကြောင်းနှင့် ငြိမ်းချမ်းပြီး ဒီမိုကရေစီဆန်တဲ့အပြင် အားလုံးပါဝင်မှုရှိတဲ့ တရားဝင် အစိုးရတစ်ရပ် ထူထောင်ဖို့ လမ်းကြောင်းကို ရှာဖွေဖို့ ဖြစ်ပါတယ်။

ဘန်ကီမွန်းက မြန်မာ့တပ်မတော်ခေါင်းဆောင်တွေနှင့် သမ္မတဟောင်း ဦးသိန်းစိန်တို့နဲ့ တွေ့ဆုံပြီး အခြေအနေကို ဆွေးနွေးခဲ့ကြပါတယ်၊ ရေရှည်တည်တံ့တဲ့ အဖြေရရှိရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အစိုးရ အပါအဝင် ပါတီအားလုံးရဲ့ပါဝင်မှုကို လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့ပါတယ်။

"စစ်တပ်ကို အကြမ်းဖက်မှု ချက်ချင်းရပ်ဖို့ တိုက်တွန်းဖို့နဲ့ သက်ဆိုင်သူအားလုံးနဲ့ အပြုသဘောဆောင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေ စတင်ဖို့ မြန်မာနိုင်ငံကို ကျွန်တော်လာခဲ့ပါတယ်" လို့ ဘန်ကီမွန်းက ပြောကြားခဲ့ပါတယ်။

"ကျွန်တော့်ရဲ့တွေ့ဆုံမှုတွေက စူးစမ်းရှာဖွေဖို့အတွက်ပါ။ မြန်မာပြည်သူတွေအတွက် ထိုက်တန်တဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လွတ်လပ်မှုရရှိဖို့ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမှာပါ။"

ဘန်ကီမွန်းဟာ မြန်မာစစ်တပ်ရဲ့ဖိတ်ကြားချက်အရ လာရောက်ခြင်းဖြစ်ပါတယ်။ နေပြည်တော်မှာ တွေ့ဆုံတဲ့အခါမှာ ဘန်ကီမွန်းက အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ရဲ့သဘောတူညီချက်ငါးရပ်နှင့် ပြီးခဲ့တဲ့ ဒီဇင်ဘာလက ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို အကောင်အထည်ဖော်ရာမှာ တိုးတက်မှုကို

အရေးတကြီးလိုအပ်ကြောင်း အလေးပေးပြောကြားခဲ့ပါတယ်။ မတရားဖမ်းဆီးထားတဲ့ အကျဉ်းသားအားလုံးကို မြန်မာစစ်တပ်က ချက်ခြင်းပြန်လွှတ်ပေးဖို့၊ အပြုသဘောဆောင်တဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ဖို့နှင့် ပါတီအားလုံးအနေနဲ့ အစွမ်းကုန် ထိန်းထိန်းသိမ်းသိမ်း ပြုလုပ်ကြဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းတွေရဲ့ တောင်းဆိုချက်တွေကို ဘန်ကီမွန်းက ထောက်ခံအားပေးခဲ့ပါတယ်။

အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင် အရပ်သား ၁၆၀ ကျော် သေဆုံးခဲ့ကြောင်း ခန့်မှန်းရတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မကြာသေးမီက စစ်ရေးလေကြောင်းတိုက်ခိုက်မှုအပေါ် နိုင်ငံတကာက ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း မစ္စတာဘန်ကီမွန်းက ထပ်လောင်းပြောဆိုခဲ့ပါတယ်။

လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ အခြေအနေတွေ ရှိမှသာ ရွေးကောက်ပွဲကို ကျင်းပရမှာဖြစ်ကြောင်း သူက သတိပေးခဲ့ပါတယ်။ လက်ရှိအခြေအနေအရ ရွေးကောက်ပွဲ ကျင်းပခြင်းက အကြမ်းဖက်မှုနှင့် သွေးကွဲမှုတွေကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ရလဒ်တွေကို မြန်မာနိုင်ငံသားတွေ၊ အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်ပြုမှာမဟုတ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒီမိုကရေစီနှင့် အရပ်သားအုပ်ချုပ်မှုသို့ အပြည့်အဝအသွင်ကူးပြောင်းရေးကို ပံ့ပိုးကူညီပေးမှုက လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံနှင့် The Elders တို့ကြား ဆက်ဆံရေးရဲ့ အဓိကအချက်တစ်ချက်ဖြစ်ပြီး ဘန်ကီမွန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ခဲ့စဉ်က မြန်မာနိုင်ငံရဲ့ တိုးတက်မှုကို ကူညီပံ့ပိုးပေးတဲ့ သမိုင်းကြောင်းတစ်ခု ရှိထားပါတယ်။

"အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ နိုင်ငံတကာအသိုင်းအဝန်းဟာ နိုင်ငံတကာကို စိုးရိမ်ပူပန်မှုဖြစ်စေတဲ့ အရင်းအမြစ်ဖြစ်တဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် သူတို့ရဲ့ကတိကဝတ်တွေမှာ စည်းလုံးညီညွတ်မှုရှိပြီး သန္နိဋ္ဌာန်ချထားဖို့ လိုပါတယ်။ စိတ်ရှည်သည်းခံတဲ့ ဆုံးဖြတ်ချက်ခိုင်မာမှုနဲ့ဆိုရင် လက်ရှိအကျပ်အတည်းကနေ ရှေ့ကို ချီတက်မယ့် လမ်းစရှာနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ စစ်တပ်က ပထမခြေလှမ်းကို စလှမ်းရပါမယ်" လို့ ဘန်ကီမွန်းက ပြောခဲ့ပါတယ်။

ပြီးဆုံး

---

## စုံစမ်းမေးမြန်းမှုများ

William French, Head of Communications
T: +44 7795 693903
media@theElders.org

---

**About The Elders**
The Elders are independent global leaders working together for peace, justice, human rights and a sustainable planet. The group was founded by Nelson Mandela in 2007.

The Elders are Ban Ki-moon (Deputy Chair), Gro Harlem Brundtland, Elbegdorj Tsakhia, Zeid Ra'ad Al Hussein, Hina Jilani, Ellen Johnson Sirleaf, Ricardo Lagos, Graça Machel (Deputy Chair), Juan Manuel Santos, Mary Robinson (Chair) and Ernesto Zedillo.

Martti Ahtisaari, Lakhdar Brahimi, Fernando Henrique Cardoso, and Jimmy Carter are Elders Emeritus.

Desmond Tutu (1931-2021) and Kofi Annan (1938-2018) were founding members of The Elders and served as Chairs from 2007 to 2013 and 2013 to 2018 respectively. Ela Bhatt (1933 - 2022) was a founding member of The Elders until 2016.

---

**Find out more**
For biographies of the Elders, blogs, photos, videos and more information about their work please go to www.theElders.org.

Follow The Elders on LinkedIn, Twitter, Facebook, Instagram and YouTube.